မေလ 10 ရက်၊ 2024 ခုနှစ်

# Austin မူလတန်းကျောင်းမှ ဂရိတ် 4 တန်း ပါရမီရှင်လေးသည် နိုင်ငံတော်အဆင့် စာလုံးပေါင်းသတ်ပုံ ပြိုင်ပွဲသို့ ပါဝင်တက်ရောက်နိုင်ခဲ့

ကျောင်းအဆင့်၊ ခရိုင်အဆင့် နှင့် ပြည်နယ်အဆင့် စာလုံးပေါင်းသတ်ပုံပြိုင်ပွဲများအတွက် ပြင်ဆင်ရင်း တစ်ဖက်တွင်လည်း Austin မူလတန်းကျောင်းမှ အသက် 10 နှစ်အရွယ် စတုတ္ထတန်းကျောင်းသား Sarv Dharavane သည် စကားလုံးရာနှင့်ချီအား စာလုံးပေါင်းတတ်ရန် သင်ယူခဲ့ပြီး နောက်ဆုံးတွင် ၎င်းအားထုတ်မှုနှင့် ထိုက်တန်စွာ အောင်မြင်ရယူနိုင်ခဲ့ပေသည်။ ၎င်း၏ အောင်မြင်သော အားထုတ်မှုနှင့် ထိုက်တန်စွာဖြင့် ၎င်းသည် မတ်လ၌ Georgia ပညာရေးဝန်ထမ်းများ အစည်းအရုံး၏ 63 ကြိမ်မြောက် ပြည်နယ်အဆင့် နှစ်စဉ် စာလုံးပေါင်းသတ်ပုံ ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့ပြီး၊ ရလဒ်အနေနှင့် National Harbor ၊ Maryland သို့ စရိတ်အခမဲ့ သွားရောက်ရမည်ဖြစ်ကာ ထိုနေရာ၌ ၎င်းသည် တီဗီတွင် ထုတ်လွှင့်ပြသမည်ဖြစ်သော နိုင်ငံအဆင့် Scripps အမျိုးသား စာလုံးပေါင်းသတ်ပုံပြိုင်ပွဲတွင် ဆက်လက် ပါဝင်ယှဉ်ပြိုင်ရမည် ဖြစ်သည်။ ပဏာမပွဲစဉ်များကို မေလ 28 ရက်နေ့တွင် စတင်မည်ဖြစ်သည်။ ၎င်းသည် ကောင်းမွန်စွာ လုပ်ဆောင်နိုင်ခဲ့ပါက ဖိုင်နယ်အဆင့်ကို မေလ ၃၀ ရက်နေ့တွင် ယှဉ်ပြိုင်ရမည် ဖြစ်ပါသည်။

ပြည်နယ်ပြိုင်ပွဲတွင် Sarv သည် အသက် 10 နှစ် မှ 14 နှစ်အတွင်းရှိသည့် တတိယတန်းမှ အဋ္ဌမတန်းအထိသော အခြား စာလုံးပေါင်းသတ်ပုံပါဝင်ယှဉ်ပြိုင်သူ 20 ဦး ကို အနိုင်ရရှိခဲ့သည်။ သူ၏ အောင်ပွဲအတွက် အံ့အားသင့်မိကြောင်း ဖော်ပြခဲ့ပါသည်။

"လူတိုင်းကို ကျွန်တော် အနိုင်ရရှိခဲ့တယ်" ဟု သူကပြောသည်။ "ဖိုင်နယ်မှာ ဒုတိယဆုရရှိခဲ့တဲ့သူက ဂရိတ် ရှစ်တန်းက ဖြစ်ပြီး။ ပြည်နယ်မှာ လေးကြိမ် ပါဝင် ယှဉ်ပြိုင်ခဲ့ဖူးတဲ့အပြင် ယခင် နိုင်ငံအဆင့် ပြိုင်ပွဲအထိ တက်ရောက်ခဲ့ဖူးပြီး၊ ဒုတိယဆု ဆွတ်ခူးသွားခဲ့တယ်။"

အောင်ပွဲသို့သွားရာလမ်းသည် လွယ်ကူသည်မဟုတ်ပါ။ Sarv က သူသည် ကျောင်းမှ ပေးထားသည့် စာလုံးပေါင်း အလုံး 450 အား လေ့လာကာ သူ့ကျောင်း၏ စာလုံးပေါင်းသတ်ပုံ ပြိုင်ပွဲအတွက် ပြင်ဆင်ရန် ကြိုးစားခဲ့သည်ဟု Sarv က ပြောပါသည်။ စာရင်းထဲမပါသော အဘိဓာန်ထဲက စကားလုံးများစွာကိုလည်း သူ လေ့လာခဲ့သည်။ သူသင်ယူခဲ့သော စကားလုံးများစာရင်းနှင့်အတူ Word Club ဟုခေါ်သော အက်ပ်ကို အသုံးပြုခဲ့ပြီး ၎င်းသည် ခရိုင်၏ စာလုံးပေါင်းသတ်ပုံ ပြိုင်ပွဲတွင် Sarv အား အပြည့်အဝ အထောက်အကူဖြစ်စေခဲ့သည်။

"စကားလုံးအားလုံးက အဲ့ဒီ [Word Club] စကားလုံးစာရင်းကနေ လာပါတယ်" ဟု Sarv က ဆိုသည်။

"dashiki" ဆိုတဲ့ စကားလုံးကို မှန်ကန်စွာ စာလုံးပေါင်းခြင်းဖြင့် 2024 Georgia ပြည်နယ်၏ စာလုံးပေါင်းသတ်ပုံ ချန်ပီယံဆုကို ရရှိခဲ့သည်။ သူ၏ မိဘများဖြစ်သည့် Shailesh Dharavane နှင့် Shilpa Tupe တို့မှလည်း ပြိုင်ပွဲအတွက် ပြင်ဆင်ရာတွင် သူ့အား ကူညီပေးခဲ့ပြီး၊ မိခင်ဖြစ်သူသည် သူ့အား စာကြည့်တိုက်သို့ပင် ခေါ်ဆောင်သွားပြီး၊ ဖတ်ဖို့ စာအုပ်များကို ရွေးချယ်ပေးခဲ့သည်။

"[Sarv] က ထက်မြက်တယ်၊ အဲဒီအတွက် သံသယမရှိပါဘူး" ဟု ၎င်း၏ဖခင် Shailesh Dharavane က ပြောခဲ့ပါသည်။ "ဒါပေမယ့် သူ့အမေက ကျွန်တော်တို့ ဒီနေရာကို ရောက်ရှိဖို့ သေချာအောင် ခက်ခဲတဲ့ အဆင့်တွေ အားလုံးမှာ ကူညီလုပ်ဆောင်ပေးခဲ့တယ်"

သူမ၏သားကို စွယ်စုံကျမ်းဟု ခေါ်လေ့ရှိသော Shilpa Tupe မှ “သူ့အတွက် ကျွန်မတို့ အရမ်းဂုဏ်ယူတယ်”ဟု ပြောကြားခဲ့သည်။ “သူ့ရဲ့ ပထမဆုံး စာလုံးပေါင်းသတ်ပုံပြိုင်ပွဲ ကြိုးပမ်းမှုမှာ သူ နိုင်ငံအဆင့်အထိ ရောက်မယ်လို့ ကျွန်တော်တို့ ဘယ်တုန်းကမှ မတွေးခဲ့မိပေမယ့် သူအစွမ်းကုန် လုပ်မယ်ဆိုတာ ကျွန်တော်တို့ သိပါတယ်။ ပြိုင်ပွဲမှာ အနိုင်ရဖို့ တစ်ခါမှ သူ မပြောဖူးဘူး။ 'ကျွန်တော် အဆင့်တိုင်းမှာ အကောင်းဆုံးကြိုးစားပါ့မယ်' လို့သာ သူ အမြဲပြောခဲ့ပြီး၊ သူပြောတဲ့အတိုင်း သူလုပ်ဆောင်မယ်ဆိုတာ ကျွန်တော်တို့သိတယ်။

Sarv ၏ အတန်းဖော်များ၊ ဆရာများနှင့် Austin မူလတန်းကျောင်း၏ အုပ်ချုပ်ရေးအဖွဲ့ တို့သည် မေလ ၈ ရက်နေ့တွင် သူ့အား နိုင်ငံလုံးဆိုင်ရာ ပြိုင်ပွဲအတွက် ဆုမွန်ကောင်း တောင်းပေးခဲ့ပါသည်။

"သူဟာ နိုင်ငံတော်အဆင့် စာလုံးပေါင်းသတ်ပုံပြိုင်ပွဲမှာ ကျောင်း၊ ကျောင်းခရိုင်နဲ့ ပြည်နယ်တို့ကို ကိုယ်စားပြုမှာဖြစ်တဲ့အတွက် အရမ်းစိတ်လှုပ်ရှားမိပါတယ်" ဟု Austin မူလတန်းကျောင်းအုပ် Avis Mooneyham က ပြောကြားခဲ့သည်။

အဘိဓာန်နှင့် အခြားစာအုပ်များကို ပြန်လည်ဖတ်ရှုခြင်းဖြင့် အမျိုးသား စာလုံးပေါင်းသတ်ပုံပြိုင်ပွဲအတွက် သူ့ကိုယ်သူ ပြင်ဆင်နေလျက်ရှိရာ Sarv အတွက်တော့ နဂိုမူလအခြေအနေသို့ပင် ပြန်လည်ရောက်ရှိသွားသကဲ့သို့ ဖြစ်ပါသည်။ ပြိုင်ပွဲအတွက် ပြင်ဆင်ရန် ၎င်း၏ ဝေါဟာရကြွယ်ဝမှုများကိုလည်း သူ လေ့ကျင့်ခဲ့ပါသည်။

စာလုံးပေါင်းသတ်ပုံပြိုင်ပွဲတွင် အနိုင်ရရှိဖို့ရန်၊ နှင့် အခြားသော လှုပ်ရှားဆောင်ရွက်မှုများ နှင့် စိတ်ပါဝင်စားမှုများတို့တွင် အောင်မြင်မှုရရှိရန်အတွက် စာဖတ်ခြင်းသည် အလွန်ပင် အရေးကြီးသော ကဏ္ဍမှ ပါဝင်ကြောင်း ၎င်းမှ ပြောကြားခဲ့သည်။ မိမိတို့စိတ်ဝင်စားသော စာအုပ်များကို ရှာဖွေပြီး၊ စာမျက်နှာများကို လှန်လှောဖတ်ရှုခြင်းအားဖြင့် သင်ယူလေ့လာမှု၊ စူးစမ်းဖော်ထုတ်မှု နှင့် နှစ်သက်ပျော်မွေ့ မှုတို့ကို မွေးမြူသွားဖို့ရန် အခြားသော ကျောင်းသားများအား Sarv မှ တိုက်တွန်းအားပေးခဲ့သည်။

"သင့်ရဲ့စာအုပ်တွေ၊ စာအုပ်တွေအကုန်လုံးကို ဖတ်ပါ" ဟု Sarv က ပြောသည်။ "စာအုပ်တွေကို မဖတ်ရင် ဘယ်ကိုမှ ရောက်မှာ မဟုတ်ဘူး"

Scripps နိုင်ငံတော်အဆင့် စာလုံးပေါင်းသတ်ပုံပြိုင်ပွဲတွင် ပါဝင်မည့် Sarv နှင့် သူ၏ မိသားစုတို့အတွက် အကောင်းဆုံး ဆုမွန်ကောင်းတောင်းပေးလိုက်ပါသည်။ ၎င်းတို့အား ကျွန်ုပ်တို့ လိုက်လံ အားပေးနေမည်ဖြစ်ပါသည်။

XXX